## ကမ္ဘာတဝှမ်း ကျင်းပသော Global Campaign အတွက် နိုင်ငံခြားရေးဝန်ကြီးဒေါ်ဇင်မာအောင်က ပြောကြားခဲ့သောမိန့်ခွန်း

ကမ္ဘာအရပ်ရပ်ရှိ မြန်မာ့အရေးထောက်ခံအားပေးကြသော မိတ်ဆွေများ အားလုံးပဲ မင်္ဂလာပါ

မြန်မာပြည်သူများ၏ ဒီမိုကရေစီအရေး ရုန်းကန်လှုပ်ရှားမှုများကိုထောက်ခံအားပေးကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

မြန်မာပြည်သူများ ဒီမိုကရေစီ ရရှိစေရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော အမျိုးသားညီညွတ်ရေးအစိုးရ ကိုယ်စား ယနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားခွင့် ရသည့် အတွက် အထူးပင် ဝမ်းမြောက်မိပါသည်။

ကျွန်မတို့ မြန်မာပြည်သူများ ဒီမိုကရေစီ ရရှိရေး ရုန်းကန်လှုပ်ရှားနေမှုများသည် ကျွန်မတို့ မြန်မာပြည်သူများကသာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ကမ္ဘာတဝှမ်းကပါ အားပေးထောက်ခံမှုရှိနေကြောင်းယနေ့ အခမ်းအနားက သက်သေပြလျက်ရှိပါသည်။

စစ်အာဏာရှင်များအနေနှင့် အကြောက်တရားရှိစေခြင်းဖြင့် ကျွန်မတို့ ပြည်သူများကို ငြိမ်ဝပ်သွားစေမည်ဟု ထင်ကြသော်လည်း လက်တွေ့မှာ တော့ ကျွန်မတို့ ပြည်သူများက ငြိမ်ခံသွားလိမ့်မည် မဟုတ်ကြောင်း သမိုင်းက သက်သေ ပြလျက်ရှိပါသည်။

စစ်အာဏာရှင်များက မတရားသဖြင့် အာဏာလုယူ ခဲ့ သည် မှာ ခြောက်လကျော်ခဲ့ပြီဖြစ်ပါသည်။ ထိုခြောက်လ အတွင်း မြန်မာပြည်သူများအနေဖြင့် တစ်ဦးတစ်ယောက်ချင်း အနေနှင့်ရော မိသားစု၊ လူ့အဖွဲ့အစည်းများ၊ အနေဖြင့် ပါ အခက်အခဲ များစွာရင်ဆိုင်နေရပါသည်။ စစ်အာဏာရှင်များ၏ အကြမ်းဖက်မှုများကို ကမ္ဘာကြီးက မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီးဖြစ်ပါသည်။ အခြေခံဒီမိုကရေစီ အခွင့်အရေးများ ပြန်လည်ရရှိနိုင်စေရေး အတွက် မြန်မာပြည်သူများ နေ့စဥ်နှင့် အမျှရုန်းကန်နေရပုံကိုလည်း ကမ္ဘာတဝှမ်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ များကလည်း တွေ့မြင်ပြီးဖြစ်ပါသည်။

အကြမ်းဖက်စစ်အုပ်စု အနေဖြင့် ရက်စက်ကြမ်းကြုတ်မှုများကို လွန်ခဲ့သော ဆယ်စုနှစ်များစွာမှ ယနေ့ထက်တိုင် ကျူးလွန်နေလျက်ရှိပါသည်။ ထိုသို့သော ရက်စက်ကြမ်းကြုတ်မှုများကို ကျွန်မတို့ မျိုးဆက်တွင် အဆုံးသတ်နိုင်ရန် ကြိုးပမ်းသွားပါမည်။ ထိုသို့မဆောင်ရွက်နိုင်ပါက ခေတ်အဆက်ဆက်တော်လှန်ရေးတွင် ကျဆုံးသွားရသော သူရဲကောင်းများ နှင့် နောက်မျိုးဆက်များအပေါ်တွင် ကျွန်မတို့ အကြွေးတင်ရှိသွားမည်ဖြစ်ပါသည်။

ယခုနှစ် ဩဂုတ်လသည် ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီး ၃၃ နှစ်ပြည့်မြောက်သည့် အချိန်အခါဖြစ်ပါသည်။ ၃၃ နှစ် ပြည့်မြောက်ခဲ့သည့်တိုင် ဒီမိုကရေစီရရှိရေး အတွက် နွေဦးတော်လှန်ရေး အလံတော်အောက်တွင် ဆက်လက် တိုက်ပွဲဝင် လျက်ရှိပါသည်။ ယခုအချိန်တွင် မြန်မာပြည်သူ တဦးတယောက်ချင်းစီက စစ်အာဏာရှင် နိဂုံးချုပ်ရေး စိတ်ခွန်အားပြင်းပြစွာ တိုက်ပွဲ ဝင်နေလျက်ရှိပါသည်။ ပြည်တွင်းရှိပြည်သူများသာမက ကမ္ဘာတဝှမ်း ရှိ

တိုင်းရင်းသားညီအစ်ကိုများ ကပါ စစ်ကောင်စီကျရှုံးရေးနှင့် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးတို့ အတွက် တိုက်ပွဲ ဝင်နေလျက်ရှိပါသည်။ ထိုပြည်သူ တဦးတယောက်ချင်းစီကို အမျိုးသားညီညွတ်ရေး အစိုးရကိုယ်စား လှိုက်လှိုက် လှဲလှဲ အသိအမှတ်ပြုစကားပြောကြားလိုပါသည်။

ဒီမိုကရေစီ နည်းကျကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရနှင့် မြန်မာပြည်သူတို့ ကမ္ဘာတဝှမ်းကြုံတွေ့ နေရသော Covid-19 ကပ်ရောဂါးဆိုးကြီးကို တွန်းလှန်နေရချိန်တွင် စစ်အုပ်စုသည် သူတို့၏ အာဏာမက်မောမှု သပ်သပ်အတွက်ဖြင့် အာဏာသိမ်းမှုကို ကျူးလွန်ခဲ့ပါသည်။ စစ်အုပ်စု၏ အာဏာမက်မောစုံမက်မှုကြောင့် မြန်မာပြည်သူများ အနေဖြင့် နိုင်ငံရေး အတိဒုက္ခများသာမက ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဒုက္ခပေါင်းစုံကို တွေ့ကြုံခံစားနေရပါသည်။ မြန်မာပြည်သူများ COVID-19 (Delta Variant) ၏ ဒဏ်ကို ခံစားနေရချိန်တွင် စစ်အုပ်စု ၏ လူမဆန်သော နည်းလမ်းများဖြင့် ၎င်းတို့ အာဏာရရှိရေး ကြိုးပမ်းမှုများ ကြောင့် မြန်မာပြည်သူ အများအပြား အသက်ဆုံးရှုံးခဲ့ရပါသည်။ ထို့ကြောင့် ကျွန်မတို့ အနေဖြင့် Covid-19 ကပ်ရောဂါဆိုးကြီးနှင့် အတူ ကျွန်မတို့ နိုင်ငံကို နှစ်ပေါင်းများစွာ လှိုက်စား ဒုက္ခပေးခဲ့သော စစ်အာဏာရှင် စနစ်ဆိုးနှင့် စစ်အာဏာရှင်တို့၏ နိုင်ငံရေးတွင်ပါဝင် ပတ်သက်မှုများကို အပြီးတိုင်တွန်းလှန်ပစ် ရမည်ဖြစ်သည်။

ညီအစ်ကိုမောင်နှမ များတို့ ယခုအချိန်သည် ကျွန်မတို့ အတွက် နောက်ဆုံး အခွင့်အရေးဖြစ်နေပါပြီ။ ယခုအရေးတော်ပုံ မှ ပြတ်သားသော အောင်ပွဲရရှိရေးမှတပါးအခြားမရှိတော့ပါ။ သို့မှသာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ကျွန်မတို့၏ ရှိရှိသမျှခွန်အား များနှင့် တွန်းလှန်တိုက်ပွဲဝင်မည် ဆိုပါက စစ်အာဏာရှင် စနစ် အပြီးတိုင်ချုပ်ငြိမ်းပြီး ကျွန်မတို့ နောင်လာမည့် မျိုးဆက်သစ်များ အတွက် လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာများ အပြည့်အဝ အမွေပေးအပ်နိုင်မှာပဲဖြစ်ပါတယ်။

**အရေးတော်ပုံအောင်ရမည်**